## အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ ဆက်ဆံရေးအရာရှိတစ်ဦးကို မြန်မာနိုင်ငံတွင် ခန့်ထားရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့အကြား ချုပ်ဆိုသည့် နားလည်မှုစာချွန်လွှာ

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(အိုင်အယ်လ်အို)၏ အဆင့်မြင့်အဖွဲ့(အိုင်ချ်အယ်လ်တီ)၏အစီရင်ခံစာနှင့် ဤအစီရင်ခံစာအပေါ် အိုင်အယ်လ်အို၏ အုပ်ချုပ်မှုအဖွဲ့က ဆက်လက်ဆွေးနွေးချက်ကို အခြေခံ၍ မြန်မာနိုင်ငံတွင် အိုင်အယ်လ်အိုက ဆက်လက်၍ထိရောက်စွာ ကိုယ်စားလှယ် ထားရှိခြင်းသည် မြန်မာနိုင်ငံတွင် အဓမ္မအလုပ်စေခိုင်းမှုကိုလျင်မြန် ထိရောက်စွာ ပပျောက်စေရေးအတွက် မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းမှုများကို အထောက်အကူ ပြုရန် လိုအပ်သည်ဟု ဆင်ခြင်သုံးသပ်သဖြင့် လည်းကောင်း၊

အဆိုပါအစီရင်ခံစာအပေါ် အုပ်ချုပ်မှုအဖွဲ့က ချမှတ်သောဆုံးဖြတ်ချက် စာပိုဒ် ၆ အရ အိုင်အယ်လ်အို၏ ကိုယ်စားလှယ်ထားရှိမှုကို မည်သည့်နည်းဖြင့် မည်သည့်အတိုင်းအတာအထိ ထားရှိသင့်သည်ကို သတ်မှတ်နိုင်ရေးအတွက် မြန်မာနိုင်ငံအစိုးရနှင့် ဆက်လက်ညှိနှိုင်းဆွေးနွေးရန် အိုင်အယ်လ်အို ညွှန်ကြားရေးမှူးချုပ်အား မေတ္တာရပ်ခံသည်ကို မှတ်သား၍လည်းကောင်း၊

လက်ရှိဆက်ဆံရေးအခြေအနေ၏အရှိန်အဟုန်ကို ထိန်းသိမ်းထားရန်နှင့် ဆက်ဆံရေးကဏ္ဍသစ်တစ်ရပ်ကို ဖြစ်နိုင်သမျှ အမြန်ဆုံးဖွင့်လှစ်ရန် ဆန္ဒရှိသည်ကို အသိအမှတ်ပြု၍လည်းကောင်း၊

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရသည် အိုင်အယ်လ်အို မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း (အိုင်အယ်လ်အို အခြေစိုက်မှုတစ်ရပ် မတည်ထောင်နိုင်မီ) အထက်ပါနိဒါန်း၏ ပထမအပိုဒ်တွင် ပါရှိသည့်ရည်ရွယ်ချက်ကို ထိရောက်စွာ အထောက်အကူပြုရန်အတွက် အိုင်အယ်လ်အို ညွှန်ကြားရေးမှူးချုပ်က အိုင်အယ်လ်အိုဆက်ဆံရေး





အရာရှိတစ်ဦးကို ၂၀၀၂ ခုနှစ်၊ ဇွန်လထက်နောက်မကျစေဘဲ ခန့်ထားစေရန် သဘောတူညီခဲ့ပါသည်။

ဆက်ဆံရေးအရာရှိ၏ လုပ်ငန်းတာဝန်များသည် အောက်ပါမှုများအပေါ် အခြေခံရမည်–

(၁) ဆက်ဆံရေးအရာရှိ၏ လုပ်ငန်းတာဝန်များတွင် နားလည်မှု စာချွန်လွှာ၏ နိဒါန်းပထမစာပိုဒ်တွင် ဖော်ပြထားသည့် ရည်ရွယ်ချက်နှင့် သက်ဆိုင်သည့် လှုပ်ရှားမှုအားလုံး အကျုံးဝင်စေရမည်။

(၂) ဆက်ဆံရေးအရာရှိအား ပေးအပ်သည့် လွယ်ကူမှုအခွင့် အလမ်းများနှင့် အထောက်အပံ့သည် ယင်းက အထက်တွင် ရည်ညွှန်းထားသော လှုပ်ရှားမှုအားလုံးကို ဆောင်ရွက်ရာ၌ ထိရောက်စွာ အကူအညီရနိုင်စေရမည်။ ထို့ပြင် ယင်း၏ အဆင့်အတန်းနှင့် အထူးအခွင့်အရေးများသည် အစိုးရနှင့် ကုလသမဂ္ဂအကြား ချုပ်ဆိုခဲ့သည့် သီးခြားသဘောတူညီချက်များ၊ နားလည်မှု စာချွန်လွှာများနှင့်အညီ အဆင့်တူ ကုလသမဂ္ဂအရာရှိများကို ပေးအပ်သည့်အတိုင်း ဖြစ်စေရမည်။

ဆက်ဆံရေးအရာရှိခန့်ထားရေးဆိုင်ရာ အသေးစိတ်နည်းများကို နှစ်ဘက်ညှိနှိုင်းဆောင်ရွက်နိုင်သည်။

| | |
|---|---|
| ပုံ | ပုံ |
| × × × × | × × × × |
| (ကာရီတာပီအိုလာ) | (မြသန်း) |
| အမှုဆောင်ညွှန်ကြားရေးမှူး | အမြဲတမ်းကိုယ်စားလှယ် |
| အပြည်ပြည်ဆိုင်ရာ | ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ |
| အလုပ်သမားရေးရာအဖွဲ့ရုံး | အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ |

ဂျီနီဗာ၊ ၂၀၀၂ ခုနှစ်၊ မတ်လ ၁၉ ရက်